# လေးကြိမ်မြောက် မြန်မာ့ EITI အစီရင်ခံစာ

## ၂၀၁၆/၁၇ ဘဏ္ဍာနှစ် ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် ဓါတ်သတ္တုကဏ္ဍ ထူးခြား အချက်အလက်များ

တွင်းထွက်သယံဇာတ တူးဖော်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်းစဉ် (Extractive Industries Transparency Initiative or EITI) သည် သယံဇာတ တူးဖော်ထုတ်လုပ်မှုဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ပြန်ရန် သတ်မှတ်ထားသည်။ ခွင့်ပြုမိန့်လိုင်စင်များ၊ ထုတ်လုပ်မှု ပမာဏနှင့် အခွန်အခ ကောက်ခံရရှိမှုများ၊ ၎င်းအခွန်အခအား စီမံအုပ်ချုပ်မှု စသည့် အချက်အလက်များ ပါဝင်ပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် EITI အဖွဲ့ဝင်လောင်းနိုင်ငံ ဖြစ်ခဲ့ပြီး ရေနံ၊ သဘာဝဓါတ်ငွေ့၊ ဓါတ်သတ္တု၊ ကျောက်မျက်နှင့် ပုလဲကဏ္ဍများအား ခြုံငုံသည့် အစီရင်ခံစာပေါင်း လေးစောင်အထိ ထုတ်ပြန်ပြီးဖြစ်သည်။

## ခွင့်ပြုမိန့် လိုင်စင်

၂၀၁၆/၁၇ တွင် မြန်မာအစိုးရသည် ရေနံ သဘာဝဓါတ်ငွေ့နှင့် ဓါတ်သတ္တု ထုတ်လုပ်ခွင့် လိုင်စင်ပေါင်း ၂၁၀၀၀ ကျော် ထုတ်ပေးခဲ့သည်။

အများစုမှာ မြန်မာ ကုမ္ပဏီများ ကိုင်ဆောင်ထားသော ကျောက်မျက်နှင့် အခြားသတ္တု အသေးစား တူးဖော်ခွင့်လိုင်စင်များ ဖြစ်သည်။

ရေနံ၊ သဘောဝဓါတ်ငွေ့၊ ကျောက်မီးသွေး၊ ထုံးကျောက်၊ ရွှေ၊ သံဖြူ၊ ကြေးနီနှင့် အခြားသတ္တုများအတွက် အကြီးစား တူးဖော်ရေး လိုင်စင်များကို မြန်မာနိုင်ငံ ကုမ္ပဏီများနှင့် နိုင်ငံခြားကုမ္ပဏီများ ပေါင်း၍ ကိုင်ဆောင်ထားသည်။

### ၂၀၁၆/၁၇ ခုနှစ် ခွင့်ပြုမိန့် အရေအတွက်







## နိုင်ငံစီးပွားရေးနှင့် ဆက်နွယ်မှု

သယံဇာတ ကဏ္ဍသည် ၂၀၁၆/၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ စီးပွားရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ နိုင်ငံတော်မှ ရရှိသည့် အခွန်ဘဏ္ဍာနှင့် ပြည်ပပို့ကုန်တို့တွင် သယံဇာတ ကဏ္ဍသည် အချိုးကြီးမားစွာ ပါဝင်သည်။

ကျောက်စိမ်း၊ ကျောက်မျက်နှင့် သတ္တုကဏ္ဍတွင် တရားမဝင် တူးဖော်မှု များပြားသည့်အတွက် နိုင်ငံစီးပွားရေးအပေါ် သက်ရောက်မှု ထိုထက်ပို၍ များပြားနိုင်သည်။

## အခွန် ကောက်ခံရရှိမှု

၂၀၁၆/၁၇ ဘဏ္ဍာနှစ်တွင် သယံဇာတ ကဏ္ဍမှ ၃.၃ ထရီလီယံကျပ် (ဒေါ်လာ ၂.၅ ဘီလီယံ) ကောက်ခံရရှိသည်။ ရေနံနှင့် သဘာဝဓါတ်ငွေ့ ကဏ္ဍမှ ကောက်ခံရရှိမှုသည် အများဆုံး ဖြစ်သည်။

ကျောက်စိမ်း၊ ကျောက်မျက်နှင့် သတ္တုကဏ္ဍမှ အခွန်ကောက်ခံရရှိမှုသည် နည်းပါးသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဏ္ဍရှိ လုပ်ငန်း အများစုကို လုပ်ကိုင်နေသော ကုမ္ပဏီများမှာ အသေးစားနှင့် အလတ်စား ဖြစ်ပြီး သဘာဝ ဓါတ်ငွေ့ကဏ္ဍမှ အကြီးစား လုပ်ငန်းများနှင့် နှိုင်းယှဉ်ပါက ဝင်ငွေလည်း နည်းပါးသော ကြောင့် ဖြစ်ပါသည်။ ထို့အပြင် အခွန် ရှောင်ခြင်းနှင့် မှောင်ခို တူးဖော်မှုများသည် လည်း အစိုးရ အခွန်ကို ထပ်မံလျော့နည်းစေ ပါသည်။







## အခွန် စီမံသုံးစွဲမှု

သယံဇာတ လုပ်ငန်းမှ ရသမျှ အခွန် အကုန်အစင် ပြည်ထောင်စုဘတ်ဂျက်သို့ မဝင်ပါ။ ၂၀၁၆/၁၇ ခုနှစ်တွင် အခွန် ၄ ပုံ ၁ ပုံ နီးပါးသည် နိုင်ငံပိုင် ရေနံ၊ သဘာဝ ဓါတ်ငွေ့၊ ဓါတ်သတ္တု တူးဖော်ရေးလုပ်ငန်း များ၏ ''သီးသန့်ငွေစာရင်း'' (other accounts) များသို့ ရောက်ရှိသွားသည်။

သီးသန့်ငွေစာရင်းများသည် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ တိုးတက်ရေးအတွက် ရည်ရွယ် ထားရှိခြင်း ဖြစ်သော်လည်း ၎င်းငွေများ အသုံးပြုပုံကို ကြီးကြပ်မှုမှာ အားနည်းသည်။ ထို့ကြောင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ ဖြစ်သော ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံ အဆောက်အအုံအတွက် အသုံးပြုငွေ နည်းပါး သွားရသည်။

*သီးသန့်ငွေစာရင်းကို ၂၀၁၉/၂၀ ဘဏ္ဍာနှစ် တွင် ဖျက်သိမ်းမည် ဖြစ်သည်။*

## အစီရင်ခံစာ၏ လွှမ်းခြုံနိုင်မှု

၂၀၁၆/၁၇ EITI အစီရင်ခံစာတွင် ပါဝင်သော ကုမ္ပဏီနှင့် အခွန်ရရှိမှု ပမာဏသည် ကဏ္ဍ အပေါ် မူတည်၍ ကွဲပြားကြသည်။

ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် ပုလဲကဏ္ဍတို့မှ ကုမ္ပဏီများ အားလုံး၊ အခွန်အခ ကောက်ခံ ရရှိမှု အားလုံး အစီရင်ခံစာတွင် ပါဝင်သည်။

ကျောက်စိမ်း၊ ကျောက်မျက်ကဏ္ဍမှ ကုမ္ပဏီ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်း အောက်နှင့် ယင်းကဏ္ဍ စုစုပေါင်း အခွန်ကောက်ခံရရှိမှု၏ ၈၀ ရာခိုင်နှုန်းခန့်သာ ပါဝင်သည်။

သတ္တုကဏ္ဍမှ ကုမ္ပဏီ စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းနှင့် ယင်းကဏ္ဍမှ အခွန်ကောက်ခံ ရရှိမှု၏ ၇၀ ရာခိုင်နှုန်း အောက်ကိုသာ လွှမ်းခြုံနိုင်သည်။







အစိုးရနှင့် ကုမ္ပဏီအကြား အစီရင်ခံအချက်အလက် ကွာဟမှု ရာခိုင်နှုန်း

## ပေးသွင်းမှုများကြား ကွာဟချက်

အခွန်ပေးသွင်းမှုများနှင့်ပတ်သက်၍ အစိုးရနှင့် ကုမ္ပဏီများ အစီရင်ခံသည့် အချက်အလက် များကို စုစည်း တိုက်ဆိုင်ကြည့်ရာတွင် ကွာဟချက် အများအပြား တွေ့ရသည်။

အများဆုံး တွေ့ရသည့်နေရာမှာ ဓါတ်သတ္တု ကဏ္ဍတွင် ဖြစ်သည်။ စုစုပေါင်း ကွာဟမှု ၁၁ ရာခိုင်နှုန်း ရှိသည်။

## တပ်မတော်ပိုင် ကုမ္ပဏီများ

တပ်မတော်ပိုင် ကုမ္ပဏီများ၊ အထူးသဖြင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) နှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် တို့သည် အစီရင်ခံစာ လုပ်ငန်းစဉ်တွင် ပါဝင်မှု အနည်းငယ်သာ ရှိသည်။

ဓါတ်သတ္တု ကဏ္ဍမှ စာရင်းမရသည့် အရေအတွက်၏ ၄ ပုံ ၁ ပုံ၊ ကျောက်စိမ်းနှင့် ကျောက်မျက်လုပ်ငန်းမှ စာရင်းမရသည့် အရေအတွက်၏ ၉၀ ရာခိုင်နှုန်းကျော်သည် တပ်မတော်ပိုင် ကုမ္ပဏီများ ဖြစ်သည်။




ကျောက်စိမ်းနှင့် ကျောက်မျက်လုပ်ငန်း




ဓါတ်သတ္တု ကဏ္ဍ

### ကျောက်စိမ်း




စာရင်းပြသည့် တန်ဖိုး




နိုင်ငံခြား တင်ပို့ရောင်းချသည့် တန်ဖိုး

## တန်ဖိုးလျော့ဖြတ်ခြင်း

EITI အစီရင်ခံစာပါ အချက်အလက်များအရ အချို့သော ဓါတ်သတ္တုနှင့် ကျောက်မျက်များကို ပေါက်စျေးအမှန်ထက် အလွန်အမင်း လျော့ပေါ့ တန်ဖိုးဖြတ် (သို့) တင်ပြကြသည်။

ကုမ္ပဏီများသည် အစိုးရသို့ ပေးသွင်းရမည့် တွင်းဝခွန်နှုန်း လျော့နည်းအောင် တန်ဖိုး လျော့ပေါ့ ပြကြသည်။

အထူးသဖြင့် ကျောက်စိမ်းကဏ္ဍတွင် အဖြစ်များသည်။ တရားမဝင် ကျောက်စိမ်း တင်ပို့မှုသည် အလေးချိန်အရ တွက်ချက်လျှင် ငင်းဘဏ္ဍာနှစ်တွင် တရားဝင် တင်ပို့မှု တန်ဖိုး၏ အဆ ၁၀၀ ကျော် ရှိသည်။

Natural Resource Governance Institute